**အကောက်ခွန်ဦးစီးဌာန၏ (၁-၉-၂၀၁၇) မှ (၇-၉-၂၀၁၇) အတွင်းခနဝ့်မှန်းတန်ဖိုး**

**ကျပ် (၆၅၂.၆၅၄) သန်းခနဝ့်တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများ တားဆီး/ ဖမ်းဆီးရမိခြင်း**

၁။ အကောက်ခွန်ဦးစီးဌာန၏ လေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများပြုလုပ်ဆောင်ရွက်လျှက်ရှိရာ စက်တင်ဘာလ (၁) ရက်နေ့မှ (၇) ရက်နေ့အထိ စုစုပေါင်း တားဆီး/ ဖမ်းဆီးမှုမှာ (၇၆) မှုဖြစ်ပြီး ခနဝ့်မှန်းတန်ဖိုးမှာကျပ် (၆၅၂.၆၅၄) သန်းခနဝ့်ဖြစ် ပါသည်။

**(က) နယ်မြေ**

နယ်မြေတားဆီးမှု အနေဖြင့် (၇၅) မှုရှိ၍ ခနဝ့်မှန်းတန်ဖိုးမှာကျပ် (၆၄၆.၁၅၄)သန်းခနဝ့်ရှိသည့်အနက် ၂-၉-၂၀၁၇ ရက်နေ့တွင် သတင်းအရ မူဆယ်သို့သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၁၉၇) မိုင် (၅) ဖာလုံ ၊ စံလောင်းရွာအနီး၌ မသကာဖွယ်ရပ်တန့်ထားသော Subaru Sambar Mini Truck ယာဉ် (၁) စီးအား တွေ့ရှိ၍ စခန်းသို့ခေါ်ဆောင်စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ကြမ်းခင်း အောက်ဘက်တွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ကျောက်စိမ်း ဟုယူဆရသော ကျောက်တုံး(၃၃၈) ကီလို နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်(၁)စီး ၊စုစုပေါင်းခနဝ့်မှန်း တန်ဖိုးကျပ်(၂၅.၄)သန်းခနဝ့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

**(ခ) မိုဘိုင်းဖုန်း ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ (၁-၉-၂၀၁၇) မှ (၇-၉-၂၀၁၇) အတွင်း တားဆီး/ဖမ်းဆီး အရေးယူမှု အခြေအနေ**

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခနဝ့်မှန်းတန်ဖိုး ၀း စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်း နှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၂.၁ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၄ မှု | ၄ မှု | ၃၇.၃၃၀ သန်း |
| | **စုစုပေါင်း** | - | **၅ မှု** | **၅ မှု** | **၃၉.၄၃၀ သန်း** |

၂။ အကောက်ခွန်ဦးစီးဌာန၏ (၁-၄-၂၀၁၇) ရက်နေ့မှ (၇-၉-၂၀၁၇) ရက်နေ့အထိ မိုဘိုင်း ဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု များအနေဖြင့် ရန်ကုန် လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်မြေဒေသများမှ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု (၁၃၅) မှု ၊ ခန့်မှန်း တန်ဖိုးကျပ် (၁၇၉၆.၃၅၆) သန်းခန့် အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။



**တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်**